

# ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြင်း

## ဆောင်ရွက်ရမည့်အစီအစဉ်

၂၀၂၄-၂၀၂၈

Burmese | မြန်မာ

# နိုင်ငံဆိုင်ရာ အသိအမှတ်ပြု မြွက်ဟချက်

NDIA သည် ဤနိုင်ငံ၏ အဘိုရင်ဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားနှင့် ကျွန်တော်တို့၏ အေဂျင်စီရုံးက စီးပွားလုပ်ငန်းဆောင်ရွက်သည့် နယ်မြေ၏ ရိုးရာပိုင်ရှင်များကို အရိုသေပြုဂါရဝပြုပါသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့အလုပ်လုပ်သည့် ဤမြေ၏ ပိုင်ရှင်များအပြင် ၎င်းတို့၏ မျိုးရိုးစဉ်ဆက်များနှင့် ယခင်၊ ယခုနှင့် ပေါ်ပေါက်လာလတ့ံသော လူကြီးသူမများကိုလည်း အရိုအသေပြုပါသည်။

NDIA သည် အဘိုရင်ဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားများ၏ တစ်မူထူးခြားသည့် ယဉ်ကျေးမှုဆိုင်ရာနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ မြေ၊ ရေ၊ ပင်လယ်တို့အပေါ် ဆက်နွယ်မှုများအပြင် ၎င်းတို့၏ လူ့ဘောင်အဖွဲ့အစည်းအပေါ် ပံ့ပိုးမှုများကို အသိအမှတ်ပြုရန် ဆုံးဖြတ်ထားပါသည်။

# ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲ နည်းဗျူဟာ ဆောင်ရွက်ရမည့်အစီအစဉ် ၂၀၂၄-၂၀၂၈

## မာတိကာ


| | |
|---|---|
| နိဒါန်း | 4 |
| ဆောင်ရွက်ရမည့်အစီအစဉ် | 4 |
| အကျဉ်းချုပ် | 6 |
| 1. အခြေခံ အဆောက်အအုံ | 8 |
| 2. ဝန်ထမ်း စွမ်းဆောင်ရည် | 18 |
| 3. လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ | 26 |
| 4. ဈေးကွက်များ | 34 |
| 5. အချက်အလက်များ | 41 |
| 6. လက်လှမ်းမမီသည့်နေရာ | 44 |

# နိဒါန်း

နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းမှု အာမခံ အေဂျင်စီ (National Disability Insurance Agency (NDIA)) သည် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားသည့် (CALD) နောက်ခံများမှ မသန်စွမ်းသူများ အတွက် ရလဒ်များ တိုးမြှင့်ပေးရန် တာဝန်ယူထားပါသည်။

ထိုရလဒ်များမှာ-

- နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းမှု အာမခံ အစီစဉ် (National Disability Insurance Scheme (NDIS))တွင် ပိုမို၍ ရယူခွင့်နှင့် ပါဝင်သုံးစွဲခွင့်
- NDIS အစီအစဉ်များကို ပိုမို အသုံးပြုခွင့်
- လုပ်ငန်းစဉ်များ၊ စနစ်များနှင့် ဝန်ထမ်းများ အပါအဝင် ပိုမို ကောင်းမွန်သော NDISနှင့် ဆက်ဆံရေး

ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲ နည်းဗျူဟာ ၂၀၂၄-၂၀၂၈ (နည်းဗျူဟာ) အသစ်နှင့် ဆောင်ရွက်ရမည့်အစီအစဉ်တို့ကို ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများနှင့် ပူးပေါင်း၍ ပူးတွဲပုံစံ လုပ်ဆောင်ခြင်းဖြင့် ရေးဆွဲထားပါသည်၊ ထိုသူများထဲတွင် NDIS ပါဝင်သုံးစွဲသူများ၊ ၎င်းတို့၏ မိသားစုများနှင့် စောင့်ရှောက်သူများ၊ ဦးဆောင်အဖွဲ့အစည်းများ၊ မသန်မစွမ်းကိုယ်စားပြု အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများ ပါဝင်ပါသည်။

ဤဆောင်ရွက်ရမည့်အစီအစဉ်သည် ဤနည်းဗျူဟာကောင်အထည်ဖော်ခြင်း၊ သတင်းပို့ခြင်း၊ စောင့်ကြည့်ခြင်းနှင့် စမ်းစစ်အကဲဖြတ်ခြင်းကို ပံ့ပိုးပေးထားသည်။

## ဆောင်ရွက်ရမည့်အစီအစဉ်

ဤနည်းဗျူဟာကို NDIA ၏ ပြင်ပ အကြံပေးအုပ်စု (EAG) နှင့်အတူ ရေးဆွဲထားပါသည်။ ၎င်းအားဖြင့် ဦးစားပေးနေရာ ၆ ခုတွင် ရည်မှန်းချက်များအား မည်သို့အောင်မြင်အောင် စွမ်းဆောင်ရမည်နှင့်ပတ်သက်၍ NDIA အား လမ်းညွှန်ထားသည်။

1. အခြေခံ အဆောက်အအုံ
2. ဝန်ထမ်း စွမ်းဆောင်ရည်
3. လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ
4. ဈေးကွက်များ

5. အချက်အလက်များ
6. လက်လှမ်းမမီသည့်နေရာ

ဆောင်ရွက်ရမည့် အစီအစဉ်၏ ရည်ရွယ်ချက်မှာ-

- နည်းဗျူဟာကို ပူးတွဲပုံစံပြု ရေးဆွဲစဉ် **NDIA ၏ ဆောင်ရွက်ရမည်များကို အကောင်အထည်ဖော်ရာတွင်** လမ်းညွှန်ရန်
- နည်းဗျူဟာနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို စောင့်ကြည့်ခြင်း၊ လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် **ရှင်းလင်းသည့် လုပ်ကိုင်ပုံနည်းလမ်း**ကို သတ်မှတ်ပေးရန်
- နည်းဗျူဟာပါ လုပ်ငန်းများကို NDIA က လုပ်ဆောင်ရန်အတွက် **တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးရန်**။

နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်သည် ဩစတြေးလျနိုင်ငံ၏ မသန်စွမ်းမှု နည်းဗျူဟာ ၂၀၂၁-၂၀၃၁ ရည်မှန်းချက်နှင့်အညီ လူတိုင်း ပါဝင်နိုင်ပြီး ယဉ်ကျေးမှုအရ လိုက်ဖက်မှုရှိသော NDIS ကို ထူထောင်ခြင်း၏ ရည်မှန်းချက်ကို ပံ့ပိုးထောက်ခံပေးပါလိမ့်မည်။

NDIA သည် EAG ၊ ယဉ်ကျေးမှုကွဲ ကဏ္ဍနှင့် လူထုလူတန်းစားများသို့ တိုးတက်မှုဖြစ်စဉ်ကို ပြသရန် ပုံမှန် နောက်ဆုံးသတင်းကို ပေးပါမည်။ ၎င်းတွင်ပါဝင်သည်မှာ-

- နည်းဗျူဟာ၏ လုပ်ငန်းများနှင့် အဖြများအပေါ် တိုးတက်မှုကို ဖော်ပြထားသည့်**နှစ်စဉ် တိုးတက်မှုနှုန်း အစီရင်ခံစာများ** ဤအစီရင်ခံစာများတွင် ဆောင်ရွက်ရမည့် အစီအစဉ်နှင့် သက်ဆိုင်ရာ အကြံပြုချက်၌ တိုင်းထွာနိုင်သည့် တိုးတက်မှုနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများတို့ ပါဝင်ပါမည်။
- လုပ်ငန်းတစ်ခုစီအတွက် တိုးတက်မှုအကျဉ်းချုပ် အဆင့်မြင့် ဖော်ပြထားသည့်**နှစ်လယ် တိုးတက်မှု နောက်ဆုံးသတင်းများ**

နည်းဗျူဟာစာတမ်းတွင် ဆောင်ရွက်ရမည့် အစီအစဉ်အား စီမံအုပ်ထိန်းပုံ၊ သတင်းပို့ပုံနှင့် စောင့်ကြည့်ပုံနှင့်ပတ်သက်သည့် အချက်အလက်များ ဖော်ပြထားပါမည်။

နည်းဗျူဟာနှင့် ဆောင်ရွက်ရမည့် အစီအစဉ်ကို စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လေ့လာခြင်းဆိုင်ရာ လုပ်ကိုင်ပုံနည်းလမ်းဖြင့် ပံ့ပိုးထားပါမည်။ ၎င်းမှာ NDIA က အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်းအတွက် အသေးစိတ် နည်းလမ်းကို ဖော်ပြထားသည့် ရှုံးတွင်းစာတမ်းတစ်ခုဖြစ်ပါသည်။

## အကျဉ်းချုပ်

ဆောင်ရွက်ရမည့် အစီအစဉ်သည် အောက်ပါ ဝေါဟာရများကို သုံးစွဲပါသည်။

- **ရည်မှန်းချက်**-NDIA က အောင်မြင်လိုသော ရေရှည် ရလဒ်
- **ဆောင်ရွက်ချက်**- ရည်မှန်းချက်ကို အောင်မြင်ရန်အတွက် NDIS က လုပ်ရမည့်အရာ။
- **ရလဒ်**- ဆောင်ရွက်ချက်မှတဆင့် ပေါ်ပေါက်လာရန် မျှော်လင့်ထားသည့် ရလဒ်အဖြေ သို့မဟုတ် သက်ရောက်မှု။
- **တိုးတက်မှု တိုင်းထွာချက်**- အောင်မြင်မှုနှင့် တိုးတက်မှုကို NDIA က မည်သို့တိုင်းထွာပုံ။

ဆောင်ရွက်ရမည့် အစီအစဉ်ပါ တိုးတက်မှု တိုင်းထွာခြင်းများသည် အောက်ပါ အချိန်အတိုင်းအတာကို အသုံးပြုသည်။

- **ရေတို**- ၀-၂ နှစ်။
- **အလယ်အလတ်**- ၃-၄ နှစ်။
- **ရေရှည်**- ၅+ နှစ်။

တိုးတက်မှု တိုင်းထွာခြင်း ၃ မျိုးရှိသည်။

- **အရည်အသွေး တိုင်းထွာချက်များ**- ဥပမာ၊ ပါဝင်သုံးစွဲသူ အတွေ့အကြုံနှင့်ပတ်သက်၍ သဘောထားမှတ်ချက်။
- **စွမ်းဆောင်ရည် တိုင်းထွာချက်များ**- ဥပမာ၊ တိုးပွားလာသည့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူ အရေအတွက်။
- **မှတ်တမ်းတင်ရလောက်သည့် လုပ်ငန်းများ**- ဥပမာ၊ လမ်းညွှန်ချက်များ ထုတ်ဝေခြင်း။

နည်းဗျူဟာကို အကောင်အထည်ဖော်နေစဉ် တိုးတက်မှု တိုင်းထွာချက်များကို ပြန်လည်သတ်မှတ်ပေးပြီး အသစ်ပြင်ဆင်သွားပါမည်။ ဤပြောင်းလဲချက်များသည် တိုးတက်မှုကို ပိုမိုကောင်းမွန်စွာ စောင့်ကြည့်ခြင်းနှင့် ဆက်သွယ်ခြင်းအပေါ် နားလည်မှုအသစ်ကို ထင်ဟပ်စေပါမည်။ တိုးတက်မှု တိုင်းထွာချက်များမှာ ယဉ်ကျေးမှုကွဲအသိုင်းအဝိုင်းနှင့် ပါဝင်သုံးစွဲသူများနှင့် ဆက်စပ်သက်ဆိုင်သင့်ပြီး အဓိပ္ပါယ်ရှိသင့်သည်။

တိုးတက်မှု တိုင်းထွာချက်များအတွက် စံသတ်မှတ်ချက်များ (သို့မဟုတ် အခြေခံအချက်များ) ကို ပထမဦးဆုံး နှစ်စဉ် တိုးတက်မှု အစီရင်ခံစာတွင် ထုတ်ပြန်ပေးပါမည်။ အစဉ်တစိုက်ထုတ်ပြန်မည့် အစီရင်ခံစာကို ဤစံသတ်မှတ်ချက်များအပေါ် ရည်ညွှန်း၍ ထုတ်ပြန်ပါမည်။ တိုးတက်မှု

တိုင်းထွာချက်များအတွက် အချက်အလက် စုဆောင်းသည့်အခါ ၎င်းအချက်အလက်ကို နည်းဗျူဟာ အကောင်အထည်ဖော်သည့် ပထမနှစ်အပေါ် အထောက်အထားပြု၍ ထုတ်ပြန်ပေးပါမည်။

# 1. အခြေခံ အဆောက်အအုံ

## ရည်မှန်းချက် ၁

NDIA သည် ပူးတွဲပုံဖော်ထားပြီး သဘောတူညီထားသည့် 'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုတုံ့ပြန်ပေးနိုင်သည့် ဝန်ဆောင်မှု' စကားရပ်တို့၏ အဓိပ္ပါယ်သတ်မှတ်ချက်များကို သုံးစွဲပါသည်။

### ဆောင်ရွက်ချက် ၁

'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု' စကားရပ်တို့အား အဓိပ္ပါယ်ဖော်ဆောင်ရန် ယဉ်ကျေးမှုကွဲ မသန်စွမ်းသူ အသိုင်းအဝိုင်း၊ ပူးပေါင်းဆောင်ရွက်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် NDIS ကော်မရှင်တို့နှင့်အတူ ပူးပေါင်းလုပ်ကိုင်ပါ။

#### ရေတို

*ရလဒ်*

'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး ထိရောက်သည့် ဝန်ဆောင်မှု' စကားရပ်အဓိပ္ပါယ်သည် ယဉ်ကျေးမှုကွဲ မသန်စွမ်းသူအသိုင်းအဝိုင်း၊ ပူးပေါင်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများအတွင်း သဘောတူညီမှု ရှိရပါမည်။

*တိုးတက်မှု တိုင်းထွာချက်*

'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု' စကားရပ်အဓိပ္ပါယ်ကို အသိုက်အဝန်းကဏ္ဍက ထောက်ခံထားပါသည်။

**အလယ်အလတ်**

*ရလဒ်များ*

- NDIS လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ဆောင်မှုများသည် ယဉ်ကျေးမှုအရ လုံခြုံ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ချဉ်းကပ်ပုံနည်းလမ်းများကို ထင်ဟတ်ထားပါသည်။
- NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများသည် 'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု'ကို ပိုမိုနားလည်မှု ရှိကြသည်။

*တိုးတက်မှု တိုင်းထွာချက်*

'ယဉ်ကျေးမှုအရ လုံခြုံမှု' နှင့် 'ယဉ်ကျေးမှုအရ သင့်တော်ပြီး လိုသလိုလုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု' ဖော်ဆောင်ရန်အတွက် NDIS လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ဆောင်မှုများအပေါ် ပြင်ဆင်တိုးမြှင့်မှုများ အများအပြား ထည့်သွင်းထားပါသည်။

## ရည်မှန်းချက် ၂

NDIS မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များသည် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် NDIS ကို တန်းတူညီမျှ ရယူခွင့်ရှိစေပြီး အစီအစဉ်များကို အသုံးပြုခွင့် ရှိစေရသည်။

## ဆောင်ရွက်ချက် ၂

NDIS လုပ်ငန်းသုံး လမ်းညွှန်ချက်များကို ၎င်းတို့မှာ နည်းလမ်းအားလုံးအတွက် လမ်းညွှန်သည် ၊ ယဉ်ကျေးမှုအရ လုံခြုံပြီး၊ ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များ (လုပ်ငန်း ၁ ရလဒ်ကို အခြေခံ၍) အား အသိအမှတ် ပြုသည်ကိုသေချာစေရန်အတွက် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပါ။

## **ရေတို**

*ရလဒ်*

NDIS လုပ်ငန်းသုံး လမ်းညွှန်ချက်များကို ၎င်းတို့မှာနည်းလမ်းအားလုံးအတွက် လမ်းညွှန်သည်၊ ယဉ်ကျေးမှုအရ လုံခြုံပြီး ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို အသိအမှတ်ပြုသည်တို့ကို သေချာစေရန် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

လမ်းညွှန်ချက် အရေအတွက်နှင့် ရာခိုင်နှုန်းကို ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များကို အသိအမှတ်ပြုရန်အတွက် ဖော်ထုတ်၊ သုံးသပ်ကာ ပြင်ဆင်ထားပါသည်။

## **အလယ်အလတ်**

*ရလဒ်*

NDIS လုပ်ငန်းသုံး လမ်းညွှန်ချက်များသည် နည်းလမ်းအားလုံးအတွက် လမ်းညွှန်သည်၊ ယဉ်ကျေးမှုအရ လုံခြုံပြီး ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို အသိအမှတ်ပြုထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

လမ်းညွှန်ချက် အရေအတွက်နှင့် ရာခိုင်နှုန်းသည် နည်းလမ်းအားလုံးအတွက် လမ်းညွှန်သည်၊ ယဉ်ကျေးမှုအရ လုံခြုံပြီး ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို အသိအမှတ်ပြုထားပါသည်။

## ဆောင်ရွက်ချက် ၃

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အစီအစဉ်ရေးဆွဲသူများအနေဖြင့် ၎င်းတို့၏ နားလည်မှုကို ပိုမိုရရှိရန် လမ်းညွှန်ချက်ကို ရေးဆွဲပြီး ပေးထားပါ။ ၎င်းတွင် ပါဝင်သင့်သည်မှာ-

- ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုမှာ အဟန့်အတားတစ်ခုအဖြစ် ဖော်ထုတ်ရသည့်ကိစ္စ၌ အစီစဉ် အကောင်အထည်ဖော်မှုနှင့်တကွ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် ပံ့ပိုးကူညီမှု
- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် ၎င်းတို့ဘာသာစကားဖြင့် ရေးသားထားသော ရင်းမြစ်များ ရရှိနိုင်မှု
- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအဖို့ လူမှုရေးနှင့် အသိုက်အဝန်းရေးရာများတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးအတွက် ထောက်ပံ့ရန်ပံ့ငွေ
- ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ရယူအသုံးပြုနိုင်သည့် ဆက်သွယ်ရေးနည်းလမ်းများကို ပိုမိုတိုးမြှင့်သုံးစွဲမှု

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများက လိုအပ်သည့် ပံ့ပိုးကူညီမှုများကို နားလည်မှု ပိုရှိရန်အတွက် အစီစဉ်ရေးဆွဲသူများတွင် ရင်းမြစ်များနှင့် လမ်းညွှန်ကို သိရှိကြပြီး ရယူခွင့်ရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- အစီစဉ်ရေးဆွဲသူများအတွက် သင့်တော်သော ရင်းမြစ်များနှင့် လမ်းညွှန်တို့ကို ရေးဆွဲပြီး ထုတ်ပြန်ထားပါသည်။
- ရင်းမြစ်များနှင့် လမ်းညွှန်ကို မည်သို့ရယူရမည်နှင့် သုံးစွဲရမည်ကို အစီစဉ်ရေးဆွဲသူများတွင် နားလည်မှု ပိုမိုရှိကြောင်း ပြသပါသည်။

## **အလယ်အလတ်**

*ရလဒ်များ*

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသည် ၎င်းတို့၏ဘာသာစကားဖြင့်ရေးသားထားသည့် ရင်းမြစ်များ (ရယူခြင်း မတိုင်မီ အဆင့်၊ အစီအစဉ်ရေးဆွဲမည့် တွေ့ဆုံပွဲများမတိုင်မီ နှင့် ၎င်းတို့၏စာဖြင့်ရေးသားထားသော ပါဝင်သုံးစွဲသူ အစီစဉ်များ အပါအဝင်) ကိုရယူနိုင်သည်။
- ဘာသာစကားမှာ အဟန့်အတားတစ်ခုအဖြစ် တွေ့ရသည့်အခါ (ညှိနှိုင်းဆောင်ရွက်ပေးသည့် ပံ့ပိုးကူညီမှု အပါအဝင်) အစီအစဉ် အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသည် ပံ့ပိုးကူညီမှု ရယူနိုင်သည်။
- လူမှုရေးနှင့် လူမှုအသိုက်အဝန်းတွင် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် တိုးမြှင့်ထောက်ပံ့ပေးထားသော ရန်ပုံငွေကို ရယူသုံးစွဲနိုင်သည်။
- ဆက်သွယ်ရေး နည်းလမ်းနှင့် လမ်းကြောင်းများမှာ ယဉ်ကျေးမှုဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာအရ ရယူလွယ်ပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- အောက်ပါကိစ္စများရှိ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း-
  - NDIS သုံးစွဲစဉ်ကာလ (အစီစဉ်ရေးဆွဲရန် တွေ့ဆုံပွဲများမတိုင်မီ၊ အစီစဉ်ရေးဆွဲရန် တွေ့ဆုံပွဲများလုပ်ပြီးနောက်နှင့် ၎င်းတို့၏စာဖြင့်ရေးသားထားသော NDIS အစီစဉ်များအပါအဝင်) အတွင်း ၎င်းတို့၏စာဖြင့်ရေးသားထားသော အချက်အလက်များကို ရယူခြင်း။
  - ညှိနှိုင်းဆောင်ရွက်ပေးသည့် ပံ့ပိုးကူညီမှုအပါအဝင် အစီစဉ် အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ပံ့ပိုးကူညီမှုရယူရန် ဘာသာစကား အခက်အခဲရှိခြင်း (စကားမပြောနိုင်သူများ အပါအဝင်)။

- လူမှုရေးနှင့် လူမှုအသိုက်အဝန်းအတွင်း ပါဝင်မှုအတွက်နှင့် ရန်ပုံငွေပေးထားသည့် အချိန်နာရီများအတွက် ရန်ပုံငွေရရှိခြင်း။
- (ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ရယူနိုင်ခွင့် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ) အစီအစဉ်ရေးဆွဲသူများ၏ ဆက်သွယ်ပုံနှင့် ဆောင်ရွက်ပေးပုံအပေါ် ကောင်းသောကြုံတွေ့မှုရှိသည်ဟု သတင်းပို့ခြင်း။

• ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအတွက် တိုးမြှင့်ပေးထားသည့် အစီစဉ် သုံးစွဲမှု။

## ဆောင်ရွက်ချက် ၄

ယဉ်ကျေးမှုအရ သင့်တော်ပြီး အချိန်မှီတင်သွင်းနိုင်သည့် နည်းလမ်းဖြင့် NDIS လျှောက်လွှာ တင်သွင်းခြင်းမှတစ်ဆင့် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချလာသူများအား NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများက ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီပေးစေမည့် လမ်းညွှန်ချက်ကို ရေးဆွဲထုတ်ပြန်ပါ။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုအရ လုံခြုံပြီး အချိန်မှီ NDIS လျှောက်လွှာ တင်သွင်းခြင်းအားဖြင့် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချလာသူများအား ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီပေးရန် မိမိတို့အား ပံ့ပိုးပေးမည့် လမ်းညွှန်ချက်ကို NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများတွင် ရယူခွင့် ပိုမိုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများအတွက် သင့်တော်သော လမ်းညွှန်ချက်ကို ရေးဆွဲပြီး ထုတ်ပြန်ထားပါသည်။

**အလယ်အလတ်**

*ရလဒ်များ*

- ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းအခြေချလာသူများတွင် NDIS ကိုရယူရန် နားလည်မှု ပိုမိုရှိကြပြီး စွမ်းဆောင်ရည် ပိုမိုရှိကြပါသည်။
- ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းအခြေချလာသူများက NDIS ကိုရယူရန် မည်သို့ပံ့ပိုးကူညီရမည်ကို သက်ဆိုင်ရာ အစိုးရ အေဂျင်စီရုံးများက နားလည်မှုပိုမိုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

အောက်ပါကိစ္စများရှိ ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသောရွှေ့ပြောင်းအခြေချလာသူများ အရေအတွက်နှင့် ရာခိုင်နှုန်း-

- NDIS လျှောက်ထားသူများ
- NDIS ရနိုင်ခွင့်နှင့်ကိုက်ညီသူများ
- NDIS လျှောက်လွှာတင်သွင်းခြင်းနှင့်ပတ်သက်၍ ကောင်းသောကြုံတွေ့မှုရှိသည်ဟု သတင်းပို့သူများ။

## ဆောင်ရွက်ချက် ၅

NDIS ကို ရယူသုံးစွဲရန်အတွက် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်း အခြေချသူများအား ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီရန် အစိုးရ အေဂျင်စီရုံးများနှင့် ပူးပေါင်း လုပ်ဆောင်ပါ။ ၎င်းတွင် မသန်စွမ်းသူများကို ပိုမို ထိရောက်စွာ ဖော်ထုတ်ပေးစေရန် ကျန်းမာရေး စိစစ်မှုများမှ အချက်အလက်များနှင့် မလာရောက်မီ ဆောင်ရွက်ပြီးစီးခဲ့သည့်အထောက်အကူပြု စာရွက်စာတမ်းများမှ အချက်အလက်များကို အသုံးပြုခြင်း ပါဝင်ပါသည်။

**ရေတို**

*ရလဒ်များ*

- ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်း အခြေချလာသူများအတွက် NDIS ရယူရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် သက်ဆိုင်ရာ အစိုးရ အေဂျင်စီရုံးများနှင့် ပါဝင်ပတ်သက်သူများက ပူးပေါင်းလုပ်ဆောင်ကြပါသည်။
- ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းအခြေချလာသူများအတွက် NDIS ရယူရေးကို ပိုမိုတိုးမြှင့်ပေးမည့် အသစ်ပြင်ဆင်ပြုစုထားသည့် နည်းလမ်းတစ်ခုရှိပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

သက်ဆိုင်ရာ အစိုးရ အေဂျင်စီရုံးများနှင့် အခြား ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းလုပ်ဆောင်သည့် လုပ်ငန်းများပါဝင်သည့် ဆက်သွယ်လုပ်ဆောင်ရေး အစီစဉ်ကို အပြီးသတ်ရေးဆွဲပြီး ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

**အလယ်အလတ်**

*ရလဒ်များ*

- NDIS ရယူရန် လျှောက်ထားသည့်အခါ ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချလာသူများကို မလာရောက်မီ စိစစ်မှုများကို ဆောင်ရွက်ကြပြီး အထောက်အကူပြု စာရွက်စာတမ်းများကို အသိအမှတ်ပြုကြပါသည်။
- ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းအခြေချလာသူများက NDIS ကိုရယူရန် မည်သို့ပံ့ပိုးကူညီရမည်ကို သက်ဆိုင်ရာ အစိုးရ အေဂျင်စီရုံးများက နားလည်မှုပိုမိုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

NDIS လျှောက်ထားပြီး အသုံးပြုနေသည့် ဒုက္ခသည်များနှင့် အသစ်ရောက်ရှိလာသည့် ရွှေ့ပြောင်းအခြေချလာသူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။

## ရည်မှန်းချက် ၃

ယဉ်ကျေးမှုကွဲ အသိုက်အဝန်းများနှင့် ပါဝင်သုံးစွဲသူများအတွက် NDIS ၏ဆက်သွယ်ရေး လုပ်ငန်းဖြစ်စဉ်များမှာ ယဉ်ကျေးမှုအရ သင့်တော်ပြီး၊ ထိရောက်မှုရှိကာ ပွင့်လင်းမြင်သာမှုရှိပြီး ယုံကြည်မှုကို မြှင့်တင်ပေးပါမည်။

### ဆောင်ရွက်ချက် ၆

လုပ်ငန်းဖြစ်စဉ်များနှင့် လမ်းညွှန်ချက်များကို ရေးဆွဲအကောင်အထည်ဖော်ရန် NDIS ကော်မရှင်နှင့် အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဤသို့ဖြင့် ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအနေဖြင့် ယဉ်ကျေးမှုအရ လုံခြုံပြီး ရယူလွယ်သည့်နည်းလမ်းများဖြင့် သဘောထားမှတ်ချက်တင်ပြရန်အပြင် NDIS ဆုံးဖြတ်ချက်များကို အယူခံဝင်ရန် အထောက်အကူပြုပါမည်။

**ရေတို**

*ရလဒ်*

ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ ထိုက်သင့်သော သဘောထားမှတ်ချက် တင်ပြပုံ နည်းလမ်းယန္တရားများနှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရန် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းညွှန်ချက် ရေးဆွဲရန်အတွက် အဆင့်မြင့် သုတေသနက အထောက်အကူပြုပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် သင့်တော်သော သဘောထားမှတ်ချက် တင်ပြမှုဖြစ်စဉ်များနှင့် အယူခံတင်သွင်းမှုဖြစ်စဉ်များကို ဖော်ထုတ်၊ ရေးဆွဲထားပြီး အကောင်အထည်ဖော်ထားပါသည်။

**အလယ်အလတ်**

*ရလဒ်*

သဘောထားမှတ်ချက် တင်ပြသည့်လုပ်ငန်းစဉ်များမှာ ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအတွက် ယဉ်ကျေးမှုအရ လုံခြုံပြီး ရယူရန်လွယ်ကူမှုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုအရ လုံခြုံမှု နှင့် လွယ်ကူစွာ ရယူနိုင်မှုနှင့်စပ်ဆိုင်သည့် သဘောထားမှတ်ချက် တင်သွင်းမှုလုပ်ငန်းစဉ်များနှင့် အယူခံတင်သွင်းမှုလုပ်ငန်းစဉ်အပေါ် တိုးမြှင့်ကောင်းမွန်သည့် ကြုံတွေ့မှုရှိကြသည်ဟု ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများက သတင်းပို့ကြသည်။

# 2. ဝန်ထမ်း စွမ်းဆောင်ရည်

## ရည်မှန်းချက် ၄

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများသည် ပါဝင်သုံးစွဲသူများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များအပြင် ဤလိုအပ်ချက်များက ၎င်းတို့၏ မသန်စွမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုများအား မည်သို့သက်ရောက်မှုရှိနိုင်ကြောင်းကို နားလည်ကြပြီး လိုသလိုတုံ့ပြန် လုပ်ဆောင်ပေးကြသည်။

## ဆောင်ရွက်ချက် ၇

NDIS ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်သူများအား စဉ်ဆက်မပြတ် ပညာရေးအစီအစဉ် သင်ကြားပို့ချပေးရန်အတွက် ယဉ်ကျေးမှုကွဲ အသိုက်အဝန်းများ၊ အစိုးရအေဂျင်စီရုံးများ (NDIS ကော်မရှင်အပါအဝင်) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဤအစီအစဉ်သည် ယဉ်ကျေးမှု အသိရှိမှုနှင့် ဘာသာစကား အသိရှိမှု (စွံအမှု၊ စွံအမျက်မမြင်၊ နှင့် နားကြားအခက်အခဲရှိမှု) ကိုတိုးမြှင့်ပေးရန်နှင့် ယဉ်ကျေးမှုကွဲနောက်ခံများမှလူများအား လုံခြုံ၊ ထိရောက်၊ အဓိပ္ပါယ်ရှိပြီး သင့်တော်သော အပြန်အလှန် ဆက်ဆံမှုများ ဆောင်ကျဉ်းပေးရန်အတွက် လုပ်ဆောင်ပေးပါမည်။

### ရေတို

*ရလဒ်*

သက်ဆိုင်ရာ ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများ၊ NDIS ကော်မရှင်၊ အစိုးရ အေဂျင်စီရုံးများနှင့် အစိုးရ-မဟုတ်သောအဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် ပညာရေးအစီအစဉ်တစ်ရပ်ကို အတူတကွပူးပေါင်း ရေးဆွဲလုပ်ဆောင်ပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် အခြားသော ပါဝင်ပတ်သက်သူများကို ဖော်ထုတ်၊ စာရင်းပြု၍ အချင်းချင်း ဆက်သွယ်ဆောင်ရွက်ကြပါသည်။
- ပညာရေး အစီအစဉ်တစ်ရပ်ကို NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများအတွက် ရေးဆွဲပြီး သင်ကြားပို့ချပေးပါသည်။

**အလယ်အလတ်**

*ရလဒ်*

ယဉ်ကျေးမှုဆိုင်ရာ အသိရှိမှုနှင့် ဘာသာစကားဆိုင်ရာ အသိရှိမှုကို မြှင့်တင်ပေးမှု၊ ယဉ်ကျေးမှုအရ လုံခြုံပြီး ထိရောက်ကာ သင့်တော်သောနည်းလမ်းဖြင့် အပြန်လှန် ဆက်ဆံရေးကို နားလည်မှုနှင့် စွမ်းဆောင်ရည် တိုးမြှင့်ကြောင်း သတင်းပို့သည့် အရေအတွက်နှင့် ရာခိုင်နှုန်း။

*တိုးတက်မှု တိုင်းထွာချက်များ*

- အောက်ပါကိစ္စဆောင်ရွက်ကြသည့် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း-
    - ပညာရေး အစီအစဉ် တက်ရောက်ပြီးစီးခြင်း
    - ယဉ်ကျေးမှုဆိုင်ရာ အသိရှိမှုနှင့် ဘာသာစကားဆိုင်ရာ အသိရှိမှုကို မြှင့်တင်ပေးမှု၊ ယဉ်ကျေးမှုအရ လုံခြုံပြီး ထိရောက်ကာ သင့်တော်သောနည်းလမ်းဖြင့် အပြန်လှန် ဆက်ဆံရေးကို နားလည်မှုနှင့် စွမ်းဆောင်ရည် တိုးမြှင့်ကြောင်း သတင်းပို့ခြင်း။
- NDIS ဝန်ထမ်းများနှင့် အပြန်အလှန် ဆက်ဆံရာ၌ ပိုမိုတိုးမြှင့်ကောင်းမွန်သော ယဉ်ကျေးမှုဆိုင်ရာ အသိရှိမှုနှင့် ဘာသာစကားဆိုင်ရာ အသိရှိမှု ကြုံတွေ့ရခြင်းကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများက သတင်းပို့ကြသည်။

## ဆောင်ရွက်ချက် ၈

အဆင့်အားလုံး၌ ကိုယ်စားပြုဆောင်ရွက်ပေးခြင်းကို တိုးမြှင့်ပေးရန် NDIA ရှိ ယဉ်ကျေးမှုကွဲ နောက်ခံများမှ လူများ (မသန်စွမ်းသူများအပါအဝင်) အတွက် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးပေးပါ။

**ရေတို**

*ရလဒ်*

ယဉ်ကျေးမှုကွဲဝန်ထမ်းများအတွက် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ (ရာထူးတိုးမြှင့်ရေး အပါအဝင်) ကို ဖော်ထုတ်ပြီး စူးစမ်းရှာဖွေလျက်ရှိသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲဝန်ထမ်းများအတွက် အလုပ်အကိုင်ရရှိရေး အစီစဉ်တစ်ရပ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

**အလယ်အလတ်**

*ရလဒ်*

NDIA သည် ယဉ်ကျေးမှုကွဲနောက်ခံများမှ ဝန်ထမ်းအရေအတွက်နှင့် ရာခိုင်နှုန်းအားဖြင့် တိုးမြှင့်လုပ်ထားခြင်းမှတစ်ဆင့် ကွဲပြားခြားနားကျယ်ပြန့်သည့် အသိုင်းအဝိုင်းကို ဖော်ဆောင်ထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

အလုပ်အဆင့်နှင့် ယဉ်ကျေးမှုကွဲ နောက်ခံ (မသန်စွမ်းသူများ အပါအဝင်) အားဖြင့် NDIA ၌ အရေအတွက်နှင့် ရာခိုင်နှုန်း တိုးမြှင့်ထားမှုအရ ယဉ်ကျေးမှုကွဲ နောက်ခံများမှ ဝန်ထမ်းများကို ခန့်အပ်ထားသည်။

## ရည်မှန်းချက် ၅

NDIS ဝန်ထမ်းများသည် ဆက်သွယ်လုပ်ဆောင်မှု အားလုံးတွင် ယဉ်ကျေးမှုအရ လုံခြုံမှုနှင့် စိတ်ဒဏ်ရာသိရှိနားလည်သည့် လုပ်ကိုင်နည်းကို အသုံးချရမည်။

## ဆောင်ရွက်ချက် ၉

ယဉ်ကျေးမှုအရ လုံခြုံမှု၊ လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးနှင့် စိတ်ဒဏ်ရာသိရှိသည့် လုပ်ကိုင်ပုံကို NDIA လေ့ကျင့်သင်တန်းများတွင် ထည့်သွင်းရေးနှင့်ပတ်သက်၍ ပညာရေးနှင့် လေ့ကျင့်ပေးရေးကို တည်ဆောက်ရန် ယဉ်ကျေးမှုကွဲအသိုက်အဝန်းများ၊ အစိုးရ အေဂျင်စီရုံးများ (NDIS ကော်မရှင် အပါအဝင်) နှင့် အစိုးရ-မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများနှင့် အစိုးရအေဂျင်စီရုံးများသည် ယဉ်ကျေးမှုအရ လုံခြုံမှု၊ လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးနှင့် စိတ်ဒဏ်ရာအသိရှိသည့် လုပ်ကိုင်ပုံနှင့်ပတ်သက်၍ အတူတကွ ပူးပေါင်းလုပ်ဆောင်ပြီး လေ့ကျင့်သင်တန်းကို သင်ကြားပို့ချပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများအတွက် သက်ဆိုင်ရာ လေ့ကျင့်သင်တန်း အစီစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

### အလယ်အလတ်

*ရလဒ်*

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများတွင် လူမျိုးခွဲခြားမှု ဆန့်ကျင်ရေးနှင့် စိတ်ဒဏ်ရာအသိရှိမှုလုပ်ကိုင်နည်းတို့နှင့်ပတ်သက်၍ ယဉ်ကျေးမှုကွဲအနေအထား၌ ကြီးမားသော ယဉ်ကျေးမှုဆိုင်ရာ သိကျွမ်းမှု ဗဟုသုတ ရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ (ရာထူးအလိုက်) က လေ့ကျင့်သင်တန်းတွင် ပါဝင်တက်ရောက်မှုနှင့် ပါဝင်တက်ရောက်မှု အကြိမ်ရေ။

- ယဉ်ကျေးမှုကွဲအသိုက်အဝန်းများ၏ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များကို တိုးမြှင့်ရရှိသည့် ဗဟုသုတ၊ အသိရှိမှုနှင့် နားလည်မှုအား NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများသည် သတင်းပို့ကြသည်။
- NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများနှင့် အပြန်အလှန်ဆက်ဆံရာ၌ ယဉ်ကျေးမှုဆိုင်ရာ အသိရှိမှုနှင့် ဘာသာစကားဆိုင်ရာ အသိရှိမှုကို ပိုမိုတိုးမြှင့်ရရှိသည်ဟု ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများက သတင်းပို့ကြသည်။

## ဆောင်ရွက်ချက် ၁၀

စကားပြန်များနှင့် အခြား ဘာသာစကား ပံ့ပိုးမှုများအား အသုံးပြုမှုနှင့်ပတ်သက်၍ NDIS နှင့် အပြန်အလှန်ဆက်ဆံဆောင်ရွက်သည့်အခါ ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများ၏ အတွေ့အကြုံကို ပိုမိုကောင်းမွန်စေရန်အတွက် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ အား လေ့ကျင့်သင်တန်းနှင့် ရင်းမြစ်များ တည်ဆောက်ပေးပြီး သင်ကြားပို့ချပေးပါ။

### ရေတို

*ရလဒ်*

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများသည် စကားပြန်များနှင့် အခြား ဘာသာစကား ပံ့ပိုးပေးသူများနှင့် ထိထိရောက်ရောက် ဆက်သွယ်လုပ်ဆောင်ရန် မိမိတို့၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးကြပါသည်၊ ဤပံ့ပိုးကူညီမှုများကို မည်သို့ရယူရမည်နှင့် ပိုမိုကောင်းမွန်သော ကြုံတွေ့မှုကို မည်သို့လုပ်ဆောင်ရမည်ကို ပိုမိုသိရှိခြင်း အပါအဝင်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်*

သက်ဆိုင်ရာ လေ့ကျင့်သင်တန်း အစီစဉ်များနှင့် ရင်းမြစ်များ ဖော်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

**အလယ်အလတ်**

*ရလဒ်*

NDIS ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သူများနှင့် စကားပြန်များသည် အချင်းချင်းအပြင် ပါဝင်သုံးစွဲသူများနှင့် ပိုမိုထိရောက်စွာ ဆက်သွယ်ဆက်ဆံကြသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- စကားပြန်နှင့်စပ်လျဥ်းသည့် ပညာပေးအစီအစဉ်များနှင့် သက်ဆိုင်ရာ ရင်းမြစ်များ ရယူရေးဆိုင်ရာ သင်တန်းတက်ရောက်ပြီးစီးသည့် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။
- စကားပြန် ဝန်ဆောင်မှုများ (ဘာသာစကားအလိုက်၊ တွေ့ဆုံပွဲအလိုက် (ဥပမာ အစီစဉ်ရေးဆွဲခြင်း) နှင့် အသုံးပြုပုံ (ဥပမာ ဌာနေ၌ မျက်နှာချင်းဆိုင်) ရယူသုံးစွဲသည့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။
- စကားပြန် ဝန်ဆောင်မှုများ (ယဉ်ကျေးမှုကွဲ အသိုက်အဝန်းမှ သုံးစွဲသည်) ရယူခြင်းနှင့် သုံးစွဲခြင်းနှင့်စပ်လျဥ်း၍ ပိုမိုတိုးမြှင့်ကောင်းမွန်သည့် တွေ့ကြုံမှုကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများက သတင်းပို့ကြသည်။

## ဆောင်ရွက်ချက် ၁၁

NDIS ဝန်ထမ်းများအတွက် ယဉ်ကျေးမှုအရ လုံခြုံမှုရှိပြီးလူတိုင်းလုပ်နိုင်သည့် လုပ်ငန်းခွင်တစ်ခုကို ဆက်လက်၍ ဖော်ဆောင်ပေးပြီး တိုးတက်ဖွံ့ဖြိုးစေမည့် ယဉ်ကျေးမှုကွဲသူများပါဝင်သည့် စီမံကိန်းနှင့် လုပ်ငန်းအစီစဉ်တစ်ရပ်ကို ထူထောင်ပါ။

**ရေတို**

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်နိုင်သည့် အစီအမံနှင့် အစီအစဉ်ကို အဓိပ္ပါယ်ရှိရှိ ဆွေးနွေးမှုနှင့် အားထားယုံကြည်ရသည့် သုတေသနပြုမှုတို့မှတစ်ဆင့် ရေးဆွဲတည်ဆောက်ထားမည်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲ ပါဝင်သည့် စီမံကိန်းနှင့် လုပ်ငန်းအစီစဉ်တစ်ရပ် တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

**အလယ်အလတ်**

*ရလဒ်*

NDIA သည် ယဉ်ကျေးမှုအရ လုံခြုံပြီး လူတိုင်း ပါဝင်နိုင်သော လုပ်ငန်းခွင် တစ်ခုဖြစ်ပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲနောက်ခံများမှ NDIS ဝန်ထမ်းများအတွက် ပိုမိုတိုးမြှင့်လာသည့် အလုပ်တည်မြဲမှုနှုန်းများနှင့် ရာထူးတိုးမြှင့်မှု အခွင့်အလမ်းများ။

## ဆောင်ရွက်ချက် ၁၂

ဝန်ထမ်းများအား ၎င်းတို့၏ စွမ်းရည်များ တိုးမြှင့်စေရန် သင်ယူမှတ်ယူခြင်းများကို ဝေမျှဖလှယ်ကြသည့် အလေ့အကျင့်ရှိသော အသိုင်းအဝိုင်းတစ်ရပ်ကို တည်ထောင်ပါ၊ သို့မှသာ ၎င်းတို့အနေဖြင့် စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားအကြား အခက်အခဲရှိသည့် လူထုလူတန်းစားများအား ပိုမိုကောင်းမွန်စွာ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ ဤအဖွဲ့အစုတွင် လက်ဟန်ပြစကားပြောနည်း ကျွမ်းကျင်သော NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ ပါဝင်ပါမည်။ ဤသို့ဖြင့် ဆက်သွယ်ဆောင်ရွက်ရေး အခွင့်အလမ်းများအတွက် လမ်းညွှန်ချက်များ၊ လုပ်ငန်းဖြစ်စဉ်များနှင့် ပံ့ပိုးမှုတို့မှတစ်ဆင့် ရယူသုံးစွဲနိုင်မှုကို မြှင့်တင်ပေးပါမည်။

**ရေတို**

*ရလဒ်*

NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ ယဉ်ကျေးမှုဆိုင်ရာစွမ်းဆောင်ရည်များကို စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားအကြားအခက်ခဲရှိသည့် လူတန်းစားများနှင့် ယဉ်ကျေးမှုအရ

သင့်တော်ပြီး လုံခြုံသော ဆက်သွယ်ဆောင်ရွက်မှုများကို ဖန်တီးပေးခြင်းအားဖြင့် ပိုမိုတောင့်တင်းခိုင်မာအောင် လုပ်နိုင်ပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- လေ့ကျင့်လုပ်ကိုင်မည့် လူမှုအစုအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းခြင်း။
- စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားကြားအခက်အခဲရှိသည့် လူတန်းစားများနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး စွမ်းဆောင်ရည်-တည်ဆောက်မှု စီမံချက်များကို ဆောင်ရွက်ပြီးစီးခဲ့သည့် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။
- NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ ဆက်ဆံရေးများ၊ ရင်းမြစ်များ ရယူသုံးစွဲခြင်းနှင့် NDIS အသုံးပြုမှုတို့၏ လျောကန်သင့်မြတ်မှုနှင့်ပတ်သက်၍ စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားကြားအခက်အခဲရှိကြသည့် လူတန်းစားများထံမှ တင်ပြသည့် သဘောထားမှတ်ချက်။

**အလယ်အလတ်**

*ရလဒ်*

NDIS ဝန်ထမ်းများနှင့်  ပူးပေါင်းဆောင်ရွက်သူများတွင် စွံ့အ၊ စွံ့အမျက်မမြင်၊ နှင့် နားကြား အခက်အခဲရှိသော လူတန်းစားနှင့် လျော်ကန်သင့်မြတ်စွာ ဆက်ဆံဆောင်ရွက်ရန် စွမ်းဆောင်ရည် တိုးမြှင့်စွာရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- စွံ့အ၊ စွံ့အမျက်မမြင် နှင့် နားကြားအခက်အခဲရှိသည့် လူတန်းစားများနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဆိုင်ရာ စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး စွမ်းဆောင်ရည်-တည်ဆောက်မှု စီမံချက်များကို ဆောင်ရွက်ပြီးစီးခဲ့သည့် အရေအတွက်နှင့် ရာခိုင်နှုန်း။
- NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ၏ ဆက်ဆံရေးများ၊ ရင်းမြစ်များ ရယူသုံးစွဲခြင်းနှင့် NDIS အသုံးပြုမှုတို့၏ လျောကန်သင့်မြတ်မှုနှင့်ပတ်သက်၍ စွံ့အ၊ စွံ့အမျက်မမြင်နှင့် နားကြားအခက်အခဲရှိကြသည့် လူတန်းစားများထံမှ တင်ပြသည့် သဘောထားမှတ်ချက်။

# 3. လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ

## ရည်မှန်းချက် ၆

ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများနှင့် ပါဝင်သုံးစွဲသူများအတွက် ထိရောက်သော ဆက်သွယ်ရေး လမ်းကြောင်းများကို NDIS က ဖော်ထုတ်ပြီး သုံးစွဲရမည်။

## ဆောင်ရွက်ချက် ၁၃

ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများနှင့် ထိရောက်စွာ ဆက်သွယ်ပုံနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများ၊ NDIS ကော်မရှင်နှင့် လုပ်ငန်းနယ်ပယ်ကဏ္ဍတို့နှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ၎င်းတွင် ဗီဒီယို၊ အသံနှင့် ပုံနှိပ်ထုတ်ဝေမှုကဲ့သို့ ၎င်းတို့၏ဘာသာစကားဖြင့် သတင်းအချက်အလက်များ ပါဝင်သည်။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများနှင့် ပါဝင်သုံးစွဲသူများနှင့် ဆက်သွယ်လုပ်ဆောင်ရန် လမ်းညွှန်ချက်များကို ရေးဆွဲပြီး အကောင်းဆုံး လုပ်ကိုင်နည်းများ ထည့်သွင်းထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

အကောင်းဆုံး လုပ်ကိုင်မှု လမ်းညွှန်ချက်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ထားပါသည်။

### အလယ်အလတ်

*ရလဒ်*

NDIS တွင် ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများနှင့် ပါဝင်သုံးစွဲသူများနှင့် ပိုမိုတိုးမြှင့်စွာ ဆက်သွယ်ဆောင်ရွက်မှုရှိပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

အသစ်ပြင်ဆင်မှုများ၊ ဆက်သွယ်မှုနှင့် အသုံးပြုသည့် လမ်းကြောင်းများ၏ ထိရောက်မှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့ထံမှတင်ပြသည့် သဘောထားမှတ်ချက်။

## ဆောင်ရွက်ချက် ၁၄

ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများအတွက် ရယူသုံးစွဲရေးနှင့် ဆက်သွယ်ရေး တိုးမြှင့်ကောင်းမွန်စေရန် NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာတင်ခြင်း၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပေးပါ။ ၎င်းတွင် ၎င်းတို့ဘာသာစကားဖြင့် အချက်အလက်များ အသုံးပြုခြင်းနှင့် ထိုသို့ မရရှိနိုင်သည့်အခါ ၎င်းတို့ဘာသာစကားဖြင့် အကူအညီ ရယူပေးခြင်းတို့ ပါဝင်သည်။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများအတွက် NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာ၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့တွင် ရယူသုံးစွဲရေးနှင့် ဆက်သွယ်ရေးကို တိုးမြှင့်ပေးထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာ၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့ကို ဖော်ထုတ်ထားသည့် အသစ်ပြင်ဆင်ထားမှုများ ပြီးစီးဆောင်ရွက်မှု။

### အလယ်အလတ်

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် လူထုများတွင် NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာ၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့ကို ရယူသုံးစွဲမှုနှင့် သုံးစွဲမှု ပိုမိုတိုးမြှင့်ပေးထားသည်။

*တိုးတက်မှု တိုင်းထွာချက်*

NDIS ဝက်ဘ်ဆိုက်၊ myplace portal, My NDIS လျှောက်လွှာ၊ ဝန်ဆောင်မှုပေးသူ ရှာဖွေနည်း၊ myplace provider portal နှင့် နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရန် စင်တာတို့ကို တိုးမြှင့်ပေးထားသည့် သုံးစွဲမှု။

## ဆောင်ရွက်ချက် ၁၅

ဘာသာစကားဖြင့် လမ်းညွှန်ချက်များကို ရေးဆွဲရန်၊ ထုတ်ပြန်ရန်နှင့် အကောင်အထည်ဖော်ရန် အတွက် ယဉ်ကျေးမှုကွဲလူထု၊ NDIS ကော်မရှင်နှင့် လုပ်ငန်းပိုင်းကဏ္ဍတို့နှင့် ပူးပေါင်း လုပ်ဆောင်ပါ။ ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် လမ်းညွှန်ချက်များသည် NDIS အချက်အလက်များကို မည်သည့် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုသင့်သည်ကို ဖော်ပြသင့်သည်။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲလျှောက်ထားသူများနှင့် ပါဝင်သုံးစွဲသူများသည် NDIS အချက်အလက်များကို ၎င်းတို့ဘာသာစကားဖြင့် ဖတ်ရှုနိုင်ပြီး နားလည်ကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- သင့်တော်သော ဘာသာပြန်ဆိုမှုဆိုင်ရာ လမ်းညွှန်ချက်များကို ရေးဆွဲ၊ ထုတ်ပြန်ပြီး အကောင်အထည်ဖော်ထားသည်။
- လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဘာသာစကားများသို့ သင့်တော်သလို ဘာသာပြန်ဆိုထားသော စာရွက်စာတမ်းများနှင့် အခြား ဆက်သွယ်ရေး အရေအတွက်နှင့် ရာခိုင်နှုန်း။

**အလယ်အလတ်**

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် လျှောက်ထားသူများတွင် သင့်တော်သော ဘာသာစကားများဖြင့် ရရှိနိုင်သော အချက်အလက်များမှတစ်ဆင့် NDIS ကို အကြီးအကျယ် နားလည်မှုရှိကြသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲနောက်ခံများမှ ပါဝင်သုံးစွဲသူများနှင့် လျှောက်ထားသူများသည် NDIS အကြောင်းအချက်များကို ၎င်းတို့၏ ဘာသာစကားဖြင့် ရယူရန် စွမ်းရည် ပိုမိုရရှိသည်ဟု သတင်းပို့ထားသည်။

## ရည်မှန်းချက် ၇

ယဉ်ကျေးမှုကွဲလူထုနှင့် ဝန်ဆောင်မှုပေးသူများသည် စကားပြန်လုပ်ငန်းများကို သိရှိကြပြီး ရယူသုံးစွဲနိုင်ရမည့်အပြင် ဤဝန်ဆောင်မှုများနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောအတွေ့အကြုံ ရှိရမည်။

## ဆောင်ရွက်ချက် ၁၆

NDIS ၏ သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများကို ပိုမိုကောင်းမွန်အောင် နားလည်ရန်နှင့် ဆက်သွယ်ပြောဆိုရန် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) တို့အား ပံ့ပိုးပေးရန်အတွက် ၎င်းတို့ဘာသာစကားဖြင့် NDIS-သီးသီးခြားခြား

ဝေါဟာရအသုံးအနှုန်းများ၏ ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်သတ်မှတ်ချက်များကို ထူထောင်ပြီး ထုတ်ပြန်ပေးပါ။

**ရေတို**

*ရလဒ်*

NDIS-သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများကို ဘာသာပြန်ဆိုထားသည်၊ ဤသို့ဖြင့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) တို့အား NDIS-သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများကို ပိုမိုကောင်းမွန်စွာ နားလည်ရန်နှင့် ဆက်သွယ်ပြောဆိုရန် အထောက်အကူပြုပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

TIS စကားပြန်များက ရယူသုံးစွဲသည့် NDIS နှင့် မသန်းစွမ်းမှု-သီးခြား ရင်းမြစ်များ တိုးမြှင့်ကြီးထွားမှု

**အလယ်အလတ်**

*ရလဒ်*

TIS စကားပြန်များတွင် ဘာသာစကားအမျိုးမျိုးနှင့် ယဉ်ကျေးမှု အနေအထားအမျိုးမျိုးရှိကာ NDIS-သီးသီးခြားခြား ဝေါဟာရအသုံးအနှုန်းများကို ပိုမိုတိုးမြှင့် နားလည်မှုရှိပြီး ဆက်သွယ်ပြောဆိုနိုင်သည်။

*တိုးတက်မှု တိုင်းထွာချက်*

TIS စကားပြန်များက တက်ရောက်ပြီးစီးခဲ့သည့် NDIS နှင့် မသန်စွမ်းမှု သီးခြား လေ့ကျင့်သင်တန်းနှင့် ရယူသုံးစွဲသည့် ရင်းမြစ်များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။

# ဆောင်ရွက်ချက် ၁၇

ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) ကို ရယူအသုံးပြုနိုင်ပုံနှင့် TIS စကားပြန်များ မရရှိနိုင်သည့်အခါ အခြားစကားပြန်များကို မည်သို့ရယူသုံးနိုင်ပုံကို ယဉ်ကျေးမှုကွဲပါဝင်သုံးစွဲသူများနှင့် ဝန်ဆောင်မှုပေးသူများအတွက် အလွယ်ရယူနိုင်သည့် အချက်အလက်များကို တည်ထောင်ပြီး ပေးကမ်းပါ။

## ရေတို

*ရလဒ်*

ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) ကိုမည်သို့ ရယူအသုံးပြုနိုင်ကြောင်းနှင့် TIS စကားပြန်များ မရရှိနိုင်သည့်အခါ အခြားစကားပြန်များကို မည်သို့ရယူသုံးနိုင်ကြောင်း သင့်တော်သော အချက်အလက်များကို ယဉ်ကျေးမှုကွဲလူထု၊ ပါဝင်သုံးစွဲသူများနှင့် ဝန်ဆောင်မှုပေးသူများ ရယူနိုင်ကြသည်။

*တိုးတက်မှု တိုင်းထွာချက်*

ဘာသာပြန်နှင့် စကားပြန်ဌာန (TIS) ကိုမည်သို့ ရယူအသုံးပြုနိုင်ကြောင်းနှင့် TIS စကားပြန်များ မရရှိနိုင်သည့်အခါ အခြားစကားပြန်များကို မည်သို့ရယူသုံးနိုင်ကြောင်း အချက်အလက်များကို တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

## အလယ်အလတ်

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ NDIS ဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးသူများသည် စကားပြန်ဝန်ဆောင်မှုများကို ရယူကြသည် (ထို့ပြင် ထိုက်သင့်သလို သုံးစွဲကြသည်)။

*တိုးတက်မှု တိုင်းထွာချက်များ*

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ NDIS ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများက စကားပြန်ဝန်ဆောင်မှုများကို ပိုမိုတိုးမြှင့်သုံးစွဲမှု။
- စကားပြန်ဝန်ဆောင်မှုများကို ရယူသုံးစွဲခြင်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၊ NDIS ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ၏ ကြုံတွေ့မှု တိုးမြှင့်မှုများ။

## ဆောင်ရွက်ချက် ၁၈

ဆက်သွယ်ပြောဆိုပုံ နည်းလမ်းများကို တိုးမြှင့်ပေးရန် စကားပြန်များ (လက်ဟန်ပြ အပါအဝင်) နှင့် NDIS တွေ့ဆုံပွဲများ ပိုမိုကြာရှည်သော တွေ့ဆုံပွဲအတွက် နည်းလမ်းများ၊ လိုအပ်သည့် ကျွမ်းကျင်မှုများ၊ ဗဟုသုတနှင့် အတွေ့အကြုံရှိသည့် လိုအပ်သည့်စကားပြန်များ သို့မဟုတ် စိတ်ကြိုက် စကားပြန်များ၊ နှင့် လူချင်း-မျက်နှာချင်းဆိုင် စကားပြန် ဝန်ဆောင်မှုများ အပါအဝင်အတွက် လုပ်ငန်းဖြစ်စဉ်များကို သုံးသပ်ပြီး ပြင်ဆင်ပေးပါ။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့် ဆက်သွယ်ရေး တိုးမြှင့်စေရန် စကားပြန်များဖြင့် ပြုလုပ်သည့် အစီအစဉ်ရေးဆွဲရေး တွေ့ဆုံပွဲများအတွက် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများတွင် အသစ်ပြင်ဆင်ထားသည့် လုပ်ငန်းဖြစ်စဉ်များ ရယူမှုနှင့် နားလည်မှု ရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- ထိရောက်သော ပြောဆိုဆက်သွယ်မှု တိုးမြှင့်ပေးရန် စကားပြန်နှင့်ပြုလုပ်သည့် NDIS တွေ့ဆုံပွဲများအတွက် လုပ်ငန်းဖြစ်စဉ်များကို ပြန်လည်သုံးသပ်ပြီး အသစ်ပြင်ဆင်ထားကြပါသည်။
- အချိန်ကြာရှည်သည့် တွေ့ဆုံပွဲများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း (စကားပြန်သုံးစွဲသည့်အခါ)၊ လိုအပ်သည့် သို့မဟုတ် စိတ်ကြိုက် စကားပြန်များ

အသုံးပြုသည့် တွေ့ဆုံပွဲများ နှင့် လူချင်းတွေ့ဆုံပွဲများ အပါအဝင် NDIS တွေ့ဆုံပွဲများအတွက် ချိန်းဆိုထားသည့် စကားပြန်များ အရေအတွက်နှင့် ရာခိုင်နှုန်း။

**အလယ်အလတ်**

*ရလဒ်*

စကားပြန်များ (Auslan စကားပြန်များ အပါအဝင်) ပါဝင်သည့် အစီစဉ်ရေးဆွဲသည့် တွေ့ဆုံပွဲများနှင့် အစီစဉ် ပြန်လည်သုံးသပ်သည့် တွေ့ဆုံပွဲများတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ဦးစားပေးရာများနှင့် လျောကန်သင့်မြတ်စွာ ကိုက်ညီပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသည် NDIS တွေ့ဆုံပွဲများ၌ စကားပြန်ဝန်ဆောင်မှုများ နှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သည့် တွေ့ကြုံမှုများကို သတင်းပို့ထားကြသည်။
- အချိန်ကြာရှည်သည့် တွေ့ဆုံပွဲများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း (စကားပြန်သုံးစွဲသည့်အခါ)၊ လိုအပ်သည့် သို့မဟုတ် စိတ်ကြိုက် စကားပြန်များ အသုံးပြုသည့် တွေ့ဆုံပွဲများ နှင့် လူချင်းတွေ့ဆုံပွဲများ အပါအဝင် NDIS တွေ့ဆုံပွဲများ အတွက် ချိန်းဆိုထားသည့် စကားပြန်များ အရေအတွက်နှင့် ရာခိုင်နှုန်း။

# 4. ဈေးကွက်များ

## ရည်မှန်းချက် ၈

NDIS အသုံးပြုခြင်းနှင့် ယဉ်ကျေးမှုအရ လုံခြုံ လျော်ကန်သင့်မြတ်သည့် ဝန်ဆောင်မှုများရယူခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ယဉ်ကျေးမှုကွဲလူထုနှင့် ပါဝင်သုံးစွဲသူများသို့ ထိရောက်စွာ ပေးကမ်းပါ။

## ဆောင်ရွက်ချက် ၁၉

အချက်အလက်များ စုဆောင်းပြီး NDIS ဝန်ဆောင်မှုပေးသူများသို့ ဝေမျှပေးကမ်းရန်အတွက် NDIS ကော်မရှင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဝန်ဆောင်မှုပေးသူများနှင့် ၎င်းတို့၏ ဒေသခံလူထုအပေါ် နားလည်မှု ပိုရရန် ဆက်သွယ်လုပ်ဆောင်ပါ။ ယဉ်ကျေးမှုကွဲလူထုသို့ ယဉ်ကျေးမှုအရ လုံခြုံ သင့်တော်သည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် ၎င်းတို့ထံမှ မျှော်လင့်ထားသည့်အရာကို ရှင်းလင်းပြောပြပါ။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲ လူထုသို့ ယဉ်ကျေးမှုအရ လုံခြုံ သင့်တော်သည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ မည်သို့ဆောင်ရွက်ပေးရမည့်အကြောင်းကို NDIS ဝန်ဆောင်မှုပေးသူများ နားလည်မှု ပိုတိုးလာစေရန်အတွက် သုံးစွဲသူအား အလေးထားသည့် သတင်းအချက်အလက်များက ပံ့ပိုးပေးပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုအရ လုံခြုံမှုနှင့် ဝန်ဆောင်မှုကို တိုးမြှင့်ပေးစေရန် NDIS ဝန်ဆောင်မှုပေးသူများသို့ သတင်းအချက်အလက် ဝေမျှပေးကမ်းခြင်းနှင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ခြင်းကို ထူထောင်ထားပြီး အကောင်အထည်ဖော်ထားပါသည်။

### အလယ်အလတ်

*ရလဒ်*

ယဉ်ကျေးမှုကွဲ လူထုအတွက် ယဉ်ကျေးမှုအရ လုံခြုံ သင့်တော်သည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် ဝန်ဆောင်မှုပေးသူများတွင် နားလည်မှုနှင့် စွမ်းဆောင်ရည် ပိုမိုရှိကြသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုအရ လုံခြုံမှုနှင့် သင့်တော်သော ပံ့ပိုးကူညီမှုများအပေါ် မိမိတို့၏ နားလည်မှု ပိုမိုတိုးမြှင့်စေရန် သတင်းအချက်အလက်နှင့် ဆက်သွယ်လုပ်ဆောင်မှု၏ ထိရောက်မှုနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးသူများထံမှ တင်ပြသည့် သဘောထားမှတ်ချက်။

## ဆောင်ရွက်ချက် ၂၀

ရွေးချယ်မှုနှင့် ထိန်းချုပ်မှုနှင့်ပတ်သက်၍ အသိရှိမှု မြှင့်တင်ပေးရန် စည်းရုံးလှုံ့ဆော်မှု ဖြန့်ချီရေးနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ရေးတစ်ရပ် တည်ဆောက်ပေးရန် NDIS ကော်မရှင်နှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ၎င်းတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် ဝန်ဆောင်မှုပေးသူများကို ရွေးချယ်ပုံ၊ ဝန်ဆောင်မှုပေးသူများကို ပြောင်းလဲပုံ၊ ကာကွယ်မှုများကို တည်ဆောက်ပုံနှင့် မကျေနပ်ချက် တိုင်တန်းပုံတို့ ပါဝင်သည်။

### ရေတို

*ရလဒ်*

သင့်တော်သော စည်းရုံးလှုံ့ဆော်မှု ဖြန့်ချီရေးသည် ဝန်ဆောင်မှုပေးသူများကို ပြောင်းလဲခြင်း၊ အကာအကွယ်ပြုခြင်းနှင့် မကျေနပ်ချက် တိုင်တန်းခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်အပါအဝင် NDIS ဝန်ဆောင်မှုပေးသူများကို ရွေးချယ်သည့်အခါ ရွေးချယ်မှုနှင့် ထိန်းချုပ်မှု အသိရှိမှု မြှင့်တင်ပေးပြီး ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးစေသည်။

*တိုးတက်မှု တိုင်းထွာချက်*

သင့်တော်သည့် စည်းရုံးလှုံ့ဆော်မှု ဖြန့်ချီရေးတစ်ရပ်ကို ထူထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

**အလယ်အလတ်**

*ရလဒ်*

NDIS ဝန်ဆောင်မှုပေးသူများကို စိစစ်သည့်အခါ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများတွင် ရွေးချယ်မှုနှင့် ထိန်းချုပ်မှုအပေါ် မိမိတို့၏ အခွင့်အရေး အသိရှိမှု ပိုရှိကြပြီး စွမ်းဆောင်ရည် ပိုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသည် မိမိတို့၏ အခွင့်အရေးများ၊ ဝန်ဆောင်မှုပေးသူများကို ပြောင်းလဲပုံ၊ ခေါင်းပုံဖြတ်မည့်အလားအလာရှိသည့် အန္တရာယ်နှင့် မကျေနပ်ချက် တိုင်ကြားပုံတို့ကို ပိုမိုနားလည်သည်ဟု သတင်းပို့ကြသည်။

## ဆောင်ရွက်ချက် ၂၁

ဝန်ဆောင်မှုပေးသူများအနေဖြင့် လိုက်နာရန်လိုအပ်သည့် အနည်းဆုံး လုပ်ငန်းစံနှုန်းများအပြင် ယဉ်ကျေးမှုအရ သင့်တော်သော ဝန်ဆောင်မှုများမှာ မည်သို့ရှိသည်ကို ဖော်ပြထားသည့် အရည်အသွေး တိုင်းထွာချက်များကိုလည်း ဖော်ဆောင်ရန် NDIS ကော်မရှင်နှင့် ဆက်သွယ်လုပ်ဆောင်ပါ။ လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက်များကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသို့ ရှင်းရှင်းလင်းလင်း ပေးကမ်းပါ။

**ရေတို**

*ရလဒ်*

လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက်များကြောင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် ယဉ်ကျေးမှုအရ သင့်တော်ပြီး၊ စိတ်ဒဏ်ရာ-အသိရှိကာ လုံခြုံသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးစေသည်။

*တိုးတက်မှု တိုင်းထွာချက်*

ဝန်ဆောင်မှုပေးသူများနှင့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသို့ လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက်များကို ဖွံ့ဖြိုးပေးခြင်း၊ အကောင်အထည်ဖော်ပေးခြင်းနှင့် ဆက်သွယ်အသိပေးခြင်း။

**အလယ်အလတ်**

*ရလဒ်*

ဝန်ဆောင်မှုပေးသူများတွင် ယဉ်ကျေးမှုအရ သင့်တော်ပြီး၊ စိတ်ဒဏ်ရာ-အသိရှိကာ လုံခြုံသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် စွမ်းရည်ရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေးရှိသော တိုင်းထွာချက်တို့နှင့် လိုက်ဖက်အောင်လုပ်ပေးသည့် ဝန်ဆောင်မှုပေးသူများ၏ အရေအတွက်နှင့် စံနှုန်းများ။
- လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက်၏ ထိရောက်မှုနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးသူများနှင့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများထံမှ တင်ပြသည့် သဘောထားမှတ်ချက်။
- ဝန်ဆောင်မှုပေးသူများထံမှ ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများသို့ လုပ်ငန်းစံနှုန်းများနှင့် အရည်အသွေး တိုင်းထွာချက် တိုးမြှင့်ပေးရန် အသုံးပြုသည့် ဆက်သွယ်ရေး နည်းဗျူဟာများ၏ ထိရောက်မှု။

## ရည်မှန်းချက် ၉

ယဉ်ကျေးမှုအရ သင့်တော် လိုက်ဖက် လုံခြုံသည့်အရည်အသွေးရှိသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် NDIS ဝန်ဆောင်မှုပေးသူများ ပိုမိုရှိနေပါသည်။

## ဆောင်ရွက်ချက် ၂၂

မသန်စွမ်းသူအတွက် ပံ့ပိုးကူညီမှုများ (ပံ့ပိုးကူညီမှု ညှိနှိုင်းဆောင်ရွက်ပေးသူနှင့် တိုက်ရိုက် စောင့်ရှောက်မှု အပါအဝင်) ဆောင်ရွက်ပေးရာ၌ ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အဟန့်အတားများကို ဖော်ထုတ်ပါ။ ဤအဟန့်အတားများကို ဖြေရှင်းပေးရန် အစိုးရ အေဂျင်စီရုံးများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့နှင့် ပူးပေါင်းလုပ်ဆောင်ပါ။

### ရေတို

*ရလဒ်*

ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများတွင် မသန်စွမ်းသူအတွက် ပံ့ပိုးကူညီမှုများ (ပံ့ပိုးကူညီမှု ညှိနှိုင်းဆောင်ရွက်ပေးသူနှင့် တိုက်ရိုက် စောင့်ရှောက်မှု အပါအဝင်) ဆောင်ရွက်ပေးရန် ကြီးကျယ်သော အခွင့်အလမ်းများနှင့် ပံ့ပိုးကူညီမှုရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများ၏ မသန်စွမ်းမှုဆိုင်ရာပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခြင်းကို သက်ရောက်မှုရှိသည့် အဟန့်အတားများ ဖော်ထုတ်ခြင်းနှင့် ဆက်သွယ်အသိပေးခြင်း။

### အလယ်အလတ်

*ရလဒ်*

ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများတွင် မသန်စွမ်းသူအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် အတွက် NDIS ဈေးကွက်သို့ ဝင်ရောက်ရန် လုပ်ကိုင်နိုင်စွမ်းနှင့် စွမ်းရည် ရှိကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

မသန်စွမ်းသူအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများအပေါ် သက်ရောက်မှုရှိသည့် တွေ့ရှိရသော အတားအဆီးများကို လျှော့ချရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများ (နှင့် ဤလုပ်ငန်းများ၏ ထိရောက်မှု)။

## ဆောင်ရွက်ချက် ၂၃

NDIS နှင့် မသန်စွမ်းသူ အခွင့်အရေးများကို နားလည်သည့် နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်နှင့် စကားပြန် အောင်လက်မှတ် အပ်နှင်းရေး အာဏာပိုင် (NAATI) မှ အသိအမှတ်ပြုထားသော စကားပြန်အရေအတွက် မည်သို့ပိုမိုတိုးမြှင့်လာရမည်နှင့်ပတ်သက်၍ အစိုးရ အေဂျင်စီရုံးများနှင့် အခြားသော ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။

### ရေတို

*ရလဒ်*

အစိုးရ အေဂျင်စီရုံးများနှင့် အခြားသော သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများသည် NDIS နှင့် မသန်စွမ်းသူ အခွင့်အရေးများကို နားလည်သည့် အရည်အသွေးရှိသော စကားပြန် အရေအတွက် တိုးမြှင့်လာစေရန် စီမံချက်များကို ပူးပေါင်းလုပ်ဆောင်ပြီး ကိုယ်စားပြုအကျိုးဆောင် ပေးကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

အစိုးရ အေဂျင်စီရုံးများနှင့် ပါဝင်ပတ်သက်သူများ ပူးပေါင်း ရေးဆွဲပြီး ဆောင်ရွက်ပြီးစီးသည့် သက်ဆိုင်ရာ ဆက်သွယ်လုပ်ဆောင်သောလုပ်ငန်းများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။

**အလယ်အလတ်**

*ရလဒ်များ*

- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့်သာမက NDIS နှင့် လုပ်ဆောင်ခြင်းကို ပံ့ပိုးပေးသည့် အရည်အသွေးရှိသော စကားပြန်များ ရရှိခြင်း တိုးမြှင့်မှု။
- လက်ရှိ စကားပြန်များနှင့် စကားပြန်အသစ်များတွင် NDIS နှင့် မသန်စွမ်းသူ အခွင့်အရေးများ နားလည်ခြင်း တိုးမြှင့်မှု။

*တိုးတက်မှု တိုင်းထွာချက်များ*

- (လက်ရှိနှင့် စီစဉ်ထားချက်) အတွက် ပူးပေါင်းဆောင်ရွက်သည့် သို့မဟုတ် ကိုယ်စားအကျိုးဆောင်သည့် သင့်တော်သော စီမံချက်များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။
- (ဘာသာစကားအလိုက်) NDIS နှင့်လုပ်ကိုင်ရာတွင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများကို ပံ့ပိုးကူညီပေးရန် ရရှိနိုင်သော NAATI-အသိအမှတ်ပြု စကားပြန်များ အရေအတွက်နှင့် ရာခိုင်နှုန်း။

# 5. အချက်အလက်များ

## ရည်မှန်းချက် ၁၀

NDIA သည် တိကျပြီး အသုံးဝင်သော အချက်အလက်များ စုဆောင်းရန် ပံ့ပိုးသည့် ပူးပေါင်း ပုံဖော်ထားကာ သဘောတူညီခဲ့သော 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို အသုံးပြုပါသည်။

## ဆောင်ရွက်ချက် ၂၄

ယဉ်ကျေးမှုနှင့် ဘာသာစကား အတိမ်းအစောင်းများကို နားလည်သိရှိသည့် ပိုမိုလက်ခံနိုင်သော 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို သတ်မှတ်ပေးရန်နှင့် ထုတ်ပြန်ပေးရန် ယဉ်ကျေးမှုကွဲ လူမှုအဖွဲ့အစည်းများနှင့်အစိုးရ အေဂျင်စီရုံးများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ဤအဓိပ္ပါယ်သတ်မှတ်ချက်နှင့်အညီ NDIA ၏ အချက်အလက် ကောက်ခံခြင်း နည်းလမ်းများကို ပြင်ဆင်ပါ။

### ရေတို

*ရလဒ်*

NDIA သည် ယဉ်ကျေးမှုနှင့် ဘာသာစကား အတိမ်းအစောင်းများကို နားလည်သိရှိသည့် ပိုမိုလက်ခံနိုင်သော 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို အသုံးပြုပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်အသစ် သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း။
- 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်အသစ် လက်ခံနိုင်မှုနှင့် ထိရောက်မှုနှင့်ပတ်သက်၍ ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများနှင့် လုပ်ငန်းပိုင်းကဏ္ဍမှ တင်ပြသည့် သဘောထားမှတ်ချက်။

**အလယ်အလတ်**

*ရလဒ်*

NDIA က အသုံးပြုသော ပိုမိုလက်ခံနိုင်သည့် 'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်ကို ယဉ်ကျေးမှုကွဲလူမှုအဖွဲ့အစည်းများနှင့် ပါဝင်သုံးစွဲသူများက ဆက်စပ်ဖော်ထုတ် သိရှိနိုင်ကြပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

'ယဉ်ကျေးမှုကွဲ' စကားရပ်အဓိပ္ပါယ်အသစ် အသုံးပြုခြင်းအားဖြင့် အချက်အလက် စုဆောင်းခြင်း၏ တိကျမှုနှင့် အရည်အသွေး တိုးမြှင့်မှုအပြင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအဖို့ အသိရှိမှုများ။

## ရည်မှန်းချက် ၁၁

အချက်အလက်နှင့် အထောက်အထားကို အခြေခံသော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအဖို့ ဝန်ဆောင်မှုများ၊ ကြုံတွေ့မှုများနှင့် ရလဒ်များ တိုးမြှင့်စေရန် NDIA နှင့် ပါဝင်ပတ်သက်သူများက အသုံးချရမည်။

## ဆောင်ရွက်ချက် ၂၅

NDIA ဝန်ထမ်းများ၊ပူးပေါင်းဆောင်ရွက်သူများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့က ပိုမိုကောင်းမွန်သည့် အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ယဉ်ကျေးမှုကွဲနောက်ခံများမှ ပါဝင်သုံးစွဲသူများနှင့်ပတ်သက်၍ သုတေသနပြုပါ၊ ဖော်ထုတ်ပါနှင့် ထုတ်ပြန်ပါ။

**ရေတို**

*ရလဒ်*

အသစ်ပြင်ဆင်ပြုစုထားသည့် အချက်အလက် စနစ်သည် လျော်ကန်သင့်မြတ်သည့် အချက်အလက် စုဆောင်းရေးကို ပံ့ပိုးပေးစေပြီး ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများ၏ အသိရှိမှုကို ပံ့ပိုးပေးစေသည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့်ပတ်သက်၍ သက်ဆိုင်ပြီး လျော်ကန်သင့်မြတ်သည့် အချက်အလက်ကောက်ခံရန် အသစ်ပြင်ဆင်ပြုစုမည့် အချက်အလက် စနစ် တည်ဆောက်မှု။

**အလယ်အလတ်**

*ရလဒ်*

အချက်အလက်အသစ်နှင့် ယဉ်ကျေးမှုကွဲ နောက်ခံမှ ပါဝင်သုံးစွဲသူများထံမှ အသိရှိမှုများသည် NDIA ဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်သူများနှင့် လုပ်ငန်းပိုင်းကဏ္ဍက အထောက်အထား အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- NDIA ဝန်ထမ်းများ၊ပူးပေါင်းဆောင်ရွက်သူများနှင့် လုပ်ငန်းပိုင်းကဏ္ဍတို့ထံမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုအခြေခံသည့် -အထောက်အထားအတွက် ထုတ်ပြန်ထားသည့် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူ၏ အချက်အလက်အပေါ် ၎င်းတို့၏ အသုံးပြုမှုနှင့် ကြုံတွေ့မှုနှင့်ပတ်သက်သော တင်ပြသည့် သဘောထားမှတ်ချက်။
- ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများနှင့်ပတ်သက်သည့် ကောက်ခံထားပြီး ထုတ်ပြန်ထားသည့် အချက်အလက်၏ အရည်အသွေးနှင့် စပ်ဆိုင်မှုဆိုင်ရာ တိုးမြှင့်မှုများ။

# 6. လက်လှမ်းမမီသည့်နေရာ

## ရည်မှန်းချက် ၁၂

ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းအတွင်း NDIS နှင့် မသန်စွမ်းမှုကို ပိုမိုကျယ်ပြန့်သည့် အသိရှိမှုနှင့် နားလည်မှု ရှိစေရမည်။ ၎င်းတွင် NDIS ရယူရေးအပေါ် အဟန့်အတားတစ်ခုအဖြစ် မသန်စွမ်းမှုနှင့်ပတ်သက်၍ NDIS ရခွင့်သတ်မှတ်ချက်၊ လျှောက်လွှာ လုပ်ငန်းဖြစ်စဉ်နှင့် အယူသည်းမှုအလားအလာတို့ ပါဝင်သည်။

## ဆောင်ရွက်ချက် ၂၆

ပစ်မှတ်ထားသည့် ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းတွင် NDIS နှင့် မသန်စွမ်းမှု အခွင့်အရေးများ အသိရှိမှုကိုမြှင့်တင်ရန်အပြင် မသန်းစွမ်းမှုနှင့်ပတ်သက်၍ အယူသည်းမှု အလားအလာကို ဖြေရှင်းပေးရန် NDIS ကော်မရှင်နှင့် ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ဘာသာစကားဖြင့် ရရှိနိုင်သော သတင်းအချက်အလက်များဖြင့် ဆက်သွယ်လုပ်ဆောင်မည့် လမ်းကြောင်း အမျိုးမျိုး အမြောက်အမြားကို အသုံးပြုသင့်သည်။

### ရေတို

*ရလဒ်*

ထိရောက်သော ဆက်သွယ်လုပ်ဆောင်မှု နည်းဗျူဟာသည် NDIS နှင့် မသန်စွမ်းမှု အခွင့်အရေးများကို အသိရှိမှု မြှင့်တင်ပေးပြီး မသန်စွမ်းမှုနှင့်ပတ်သက်၍ အယူသည်းမှု အလာအလားကို လျှော့ချပေးမည်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်*

ယဉ်ကျေးမှုအရ လျော်ကန်သင့်မြတ်သည့် ဆက်သွယ်ရေးကိစ္စများအပါအဝင် ဆက်သွယ်လုပ်ဆောင်မှု နည်းဗျူဟာတစ်ရပ် ထူထောင်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

**အလယ်အလတ်**

*ရလဒ်*

ပစ်မှတ်ထားသည့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများတွင် NDIS နှင့် မသန်စွမ်းမှု အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်မှု ရှိမည်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- NDIS သုံးစွဲမှုတွင် ဦးတည်ထားသည့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းများ၏ ရယူရေးနှင့် ပါဝင်သုံးစွဲရေး တိုးမြှင့်မှု
- ဦးတည်ထားသည့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်းအတွင်း NDIS ရယူခွင့် သတ်မှတ်ချက်များ၊ လျှောက်လွှာလုပ်ငန်းဖြစ်စဉ်၊ ပံ့ပိုးကူညီမှု ရယူခြင်း၊ နှင့် မသန်စွမ်းမှုအပေါ် မှားယွင်းယူဆချက်များ အသိရှိရေးနှင့် နားလည်မှု တိုးမြှင့်မှုများ။
- ယဉ်ကျေးမှုကွဲအသိုက်အဝန်းများ၊ ပါဝင်ပတ်သက်သူများနှင့် ကျွမ်းကျင်သူများထံမှ အထူးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်လွယ်မှုနှင့်ပတ်သက်၍ ဆက်သွယ်ရေး နည်းဗျူဟာနှင့်ပတ်သက်ပြီး ၎င်းတို့၏ တွေ့ကြုံမှုနှင့်စပ်လျဉ်းသည့် သဘောထားမှတ်ချက်။

## ဆောင်ရွက်ချက် ၂၇

ပစ်မှတ်ထားသည့် ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများတွင် NDIS (ရထိုက်ခွင့် အပါအဝင်) အသိရှိမှုမြှင့်တင်ပေးရန်နှင့် မသန်စွမ်းမှုနှင့်ပတ်သက်၍ အယူသည်းမှုကို လျှော့ချရန် လူမှုအဖွဲ့အစည်းများထံမှ လုပ်ဆောင်ချက်များကို ဖော်ထုတ်၊ တည်ဆောက်ကာ ပံ့ပိုးကူညီပါ။ ဤလုပ်ဆောင်ချက်များကို တိုးမြှင့်ပေးရန်နှင့် NDIS ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သူများ အနေဖြင့် မည်သို့ ပါဝင်ပတ်သက်ပြီး ထောက်ကူပြုနိုင်ပုံနှင့်ပတ်သက်၍ လမ်းညွှန်ချက် ချမှတ်ပေးရန် လုပ်ငန်းပိုင်းကဏ္ဍသို့ ရှင်းလင်းသော ဆက်သွယ်ရေးကို ထူထောင်ပါ။

**ရေတို**

*ရလဒ်*

ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများ၌ NDIS (ရထိုက်ခွင့် အပါအဝင်) အသိရှိမှု မြှင့်တင်ပေးပြီး မသန်စွမ်းမှုနှင့်ပတ်သက်၍ အယူသည်းမှု လျှော့ချပေးသည့် လူမှုအဖွဲ့အစည်းများက လုပ်ဆောင်သည့် စီမံချက်များတွင် NDIS သည် ပါဝင်လုပ်ဆောင်ပြီး ပံ့ပိုးထောက်ကူပေးပါသည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- သင့်တော်သော စီမံချက်များကို ဖော်ထုတ်ရန်နှင့် ပံ့ပိုးထောက်ကူရန် လမ်းညွှန်ချက်များကို ချမှတ်ခြင်း။
- ဖော်ထုတ်ပြီး ပံ့ပိုးထောက်ကူထားသည့် သင့်တော်သော စီမံချက်များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။

**အလယ်အလတ်**

*ရလဒ်များ*

- ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများတွင် မသန်စွမ်းမှုအပေါ် နားလည်မှု ကျယ်ကျယ်ပြန့်ပြန့်ရှိမည်ဖြစ်သည်။
- NDIS ရယူရေးနှင့် ပါဝင်သုံးစွဲရေးကို သက်ရောက်မှုရှိသည့် မသန်စွမ်းမှုနှင့်ပတ်သက်သော အယူသည်းမှု နည်းပါးမည်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- မသန်စွမ်းသူလူမှုအသိုက်အဝန်း၊ လူမှုအဖွဲ့အစည်းများ၊ NDIS ပူးပေါင်းဆောင်ရွက်သူများနှင့် အစိုးရ အေဂျင်စီရုံးများ (NDIA ပံ့ပိုးမှုနှင့်အတူ) တို့က လုပ်ဆောင်သည့် စီမံချက်များမှတစ်ဆင့် ဆက်သွယ်လုပ်ဆောင်သည့် ယဉ်ကျေးမှုကွဲ လူမှုအသိုက်အဝန်း အရေအတွက်။

- NDIS အား ဦးတည်ထားသည့် ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများ၏ ရယူရေးနှင့် ပါဝင်သုံးစွဲရေး တိုးမြှင့်မှု
- ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများသည် NDIS နှင့် မသန်စွမ်းမှုအား အသိရှိမှုနှင့် နားလည်မှု ပိုမိုရှိကြသည်ဟု သတင်းပို့ကြသည်။

## ဆောင်ရွက်ချက် ၂၈

ပုံမှန်ဖြန့်ချီပေးနေသည့် ဝန်ဆောင်မှုများ၏ စွမ်းရည်များ (အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးဘက်အကူ ပညာရှင်များနှင့် အထူးကျွမ်းကျင်သူများကဲ့သို့ ကျန်းမာရေး ပညာရှင်များ အပါအဝင်) ကို တည်ဆောက်ပေးရန် အဖွဲ့အစည်းများနှင့် ဦးဆောင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ NDIS ရယူရန်နှင့် သုံးစွဲရန် ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများကို မည်သို့ပံ့ပိုးပေးပုံအား အလေးထားအာရုံစိုက်ခြင်း။

**ရေတို**

*ရလဒ်*

NDIS ရယူရန်နှင့် သုံးစွဲရန်အတွက် ယဉ်ကျေးမှုကွဲ နောက်ခံများမှ မသန်စွမ်းသူများအား ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီပေးရန် စပ်ဆိုင်သည့် စွမ်းရည်တည်ဆောက်ရေး လုပ်ဆောင်ချက်များကို အဖွဲ့အစည်းများနှင့် ဦးဆောင်အဖွဲ့အစည်းများ၏ ပူးပေါင်းလုပ်ဆောင်မှုဖြင့် ဖော်ထုတ်ပြီး စူးစမ်းထားပါသည်။

*တိုးတက်မှု တိုင်းထွာချက်*

ဖော်ထုတ်ပြီး ပံ့ပိုးထောက်ကူထားသည့် စပ်ဆိုင်သော စွမ်းရည် တည်ဆောက်ရေး စီမံချက်များ၏ အရေအတွက်။

**အလယ်အလတ်**

*ရလဒ်*

ပုံမှန်ဖြန့်ချီပေးနေသည့် ပံ့ပိုးထောက်ကူမှုများ (အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးဘက်အကူ ပညာရှင်များနှင့် အထူးကျွမ်းကျင်သူများကဲ့သို့ ) တွင် NDIS ရယူရန်နှင့် သုံးစွဲရန်အတွက်

ယဉ်ကျေးမှုကွဲနောက်ခံများမှ မသန်စွမ်းသူများအား ထောက်ကူပြုရန် နားလည်မှုနှင့် စွမ်းဆောင်ရည် ပိုမိုရှိကြမည်ဖြစ်သည်။

*တိုးတက်မှု တိုင်းထွာချက်များ*

- ပံ့မှန်ဖြန့်ချီပေးနေသည့် ပံ့ပိုးထောက်ကူမှုများသို့ ပို့ချသင်ကြားပေးသည့် (လေ့ကျင့်သင်တန်းအပါအဝင်) စွမ်းရည်-တည်ဆောက်ရေး လုပ်ဆောင်ချက်များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း။
- NDIS ရယူမှုနှင့် သုံးစွဲမှုနှင့်ပတ်သက်၍ ပံ့မှန်ဖြန့်ချီပေးနေသည့် ပံ့ပိုးထောက်ကူမှုများမှ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှု (သင့်တော်သည့်ကိစ္စ၌) လက်ခံရရှိသည့်အခါ ယဉ်ကျေးမှုကွဲလူမှုအသိုက်အဝန်းများ၏ အတွေ့အကြုံ။
- ပံ့မှန်ဖြန့်ချီပေးနေသည့် ပံ့ပိုးထောက်ကူပြုမှုများထံမှ ၎င်းတို့၏ စွမ်းရည်-တည်ဆောက်မှု စီမံချက်များ လုပ်ဆောင်ခြင်း အတွေ့အကြုံ အပြင် ယဉ်ကျေးမှုကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် NDIS ကိုမည်သို့ရယူပုံနှင့် သုံးစွဲပုံအကြောင်း ၎င်းတို့၏ နားလည်မှုတို့နှင့်ပတ်သက်ပြီး တင်ပြသည့် သဘောထားမှတ်ချက်။

# National Disability Insurance Agency

ndis.gov.au

တယ်လီဖုန်း ၁၈၀၀ ၈၀၀ ၁၁၀

Webchat ndis.gov.au

ကျွန်တော်တို့၏ လူမှုမီဒီယာများအား စောင့်ကြည့်ပါ

Facebook, Twitter, Instagram, YouTube, LinkedIn

**အင်္ဂလိပ်စာ အကူအညီလိုအပ်သူများအတွက်**

**TIS:** ၁၃၁ ၄၅၀

**နားမကြားသူများ သို့မဟုတ် နားကြားအခက်အခဲရှိသူများအတွက်**

**TTY:** ၁၈၀၀ ၅၅၅ ၆၇၇

**အသံတစ်ဆင့်ခံ-** ၁၈၀၀ ၅၅၅ ၇၂၇

**အမျိုးသား တစ်ဆင့်ခံ ဝန်ဆောင်မှု- (National Relay Service):** relayservice.gov.au